
mgyoe.com

SAMPLE BOOK



# MIDNIGHT BLUE

မယ်ဗွင်း

mgyoe.com

mgyoe.com

SAMPLE BOOK



MIDNIGHT BLUE 3500Ks

mgyoe.com

illu ated by marna

mgyoe.com SAMPLE BOOK

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ပထမအကြိမ် | - | ဇွန်လ၊ ၂၀၂၀ ခုနှစ်၊ ဇလပ်နီစာပေ။ |
| ဒုတိယအကြိမ် | - | စက်တင်ဘာလ၊ ၂၀၂၀ ခုနှစ်၊ ဇလပ်နီစာပေ။ |
| တတိယအကြိမ် | - | ဇွန်လ၊ ၂၀၂၁ ခုနှစ်၊ ဇလပ်နီစာပေ။ |
| စတုတ္ထအကြိမ် | - | နိုဝင်ဘာလ၊ ၂၀၂၁ ခုနှစ်၊ ဇလပ်နီစာပေ။ |
| ပဉ္စမအကြိမ် | - | ဒီဇင်ဘာလ၊ ၂၀၂၂ ခုနှစ်၊ ဇလပ်နီစာပေ။ |
| *MIDNIGHT BLUE* | - | မယ်လွင့် |
| မျက်နှာဖုံးပန်းချီ | - | ထက်ထက် |
| အုပ်ရေ | - | ၁၀၀၀ |

ထုတ်ဝေသူ – ဦးဇေထက်ထန်၊ ထောင်ဇလပ်နီစာပေ (၀၂၇၇၄)။ အတွင်းအပြင် အဆင်နှင့် စာစစ် – ဇလပ်နီ။ ပုံနှိပ်သူ–ပုံရိပ်ရှင်ပုံနှိပ်တိုက် (၀၀၈၃၆)၊ အမှတ်(၈)၊ ဘိန်းကြီးလမ်း၊ ရေကျော်၊ ပုဇွန်တောင်။ စာအုပ်ချုပ် – ရှုးဝင့်မွှေး။

| | | |
|---|---|---|
| ဖြန့်ချိရေး | - | ဇလပ်နီစာပေ<br>၀၉၄၄၄၇၂၆၈၂၆၇ ၊ ၀၉၈၈၉၆၄၀၆၆၈ |
| တန်ဖိုး | - | ၃၅၀၀ ကျပ် |

၀၀၈.၈၄

မယ်လွင့်

*MIDNIGHT BLUE* ၊ မယ်လွင့်၊ – ရန်ကုန်။

ဇလပ်နီစာပေတိုက်၊ ၂၀၂၂။

စာ-၁၀၃ ၊ ၁၂ × ၁၈ စင်တီ

(၁) *MIDNIGHT BLUE*


mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


မမယ်လွင့်အတွက် အမှတ်တရ

*(မြတ်သန်း)* ၇

၁။ ခြောက်ကမ်းပါးစွန်းမှာ ၁၁

၂။ The Steak ၁၉

၃။ အခန်းနံပါတ် ၆၀၆ ၂၅

၄။ အဲဒီအမျိုးသား ၃၃

၅။ တမြေ့မြေ့... လောင် ၄၅

၆။ သတ်သေသွားတဲ့မိန်းမ ၅၁

၇။ The Last Memories ၅၉

၈။ နာရီ ၆၇

၉။ အမျိုးသမီး ငါးယောက် ၇၅

၁၀။ အေး ... ခဲ ၈၁

၁၁။ ဟိုဘက်အခန်းက မိန်းမ ၉၁

၁၂။ အပျော်မယား ၁၀၅


mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## မမယ်လွင့်အတွက် အမှတ်တရ

မမယ်လွင့်က သူ့စာအုပ်အတွက် အမှာစာ ရေးပေးဖို့ ကျွန်တော့်ကို messenger ကနေ ပြောလာခဲ့တယ်။ ကျွန်တော်က ပြန်ပြောမိခဲ့၊ ကျွန်တော်ဟာ ဘာကောင်မှမဟုတ်လို့ အမှာစာ မရေးပါရစေနဲ့လို့။ ဒါပေမဲ့ သူက တစ်ခွန်းပဲ ပြန်ပြောခဲ့၊ သူ့စာအုပ်မှာ သူ ရေးစေချင်တဲ့သူကို သူ ရေးခိုင်းမှာပဲ တဲ့။ ဟုတ်ကဲ့၊ ကျွန်တော့်အနေနဲ့ ဒီစာဟာ အမှာစာ မဟုတ်ပါဘူး။ ကျွန်တော်နဲ့ ခင်မင်ရင်းနှီးတဲ့သူ တစ်ယောက်ရဲ့ Midnight Blue စာအုပ်အကြောင်း အမှတ်တရ ရေးပေးခြင်းပဲ ဖြစ်ပါတယ်။

ဇလပ်နီစာပေ

mgyoe.com

mgyoe.com

SAMPLE BOOK


Midnight Blue ထဲက အရေးအသားတွေထဲမှာ လိင်ပိုင်းဆိုင်ရာ အငွေ့အသက်တွေကို အများအပြား တွေ့ရှိရမှာ ဖြစ်ပါတယ်။ အပြာစာအုပ်တွေနဲ့ ယခုလို အရေးအသားတွေအကြား ကွာခြားမှုတွေ ရှိပါတယ်။ ကွာခြားမှုတွေ ရှိတယ်လို့ ဆိုလိုရာမှာ အပြာစာအုပ်တွေကို မကောင်းတာအဖြစ် သတ်မှတ်လိုတာကြောင့် မဟုတ်ပါ။ ကျွန်တော်ကိုယ်တိုင်လည်း အပြာကားကြည့်၊ အပြာစာအုပ် ဖတ်တဲ့သူတစ်ယောက် ဖြစ်တယ်။ ကျွန်တော် မေးခွန်းထုတ်လိုတာက ကျွန်တော်တို့ ဘာကြောင့် အပြာကားကြည့်၊ အပြာစာအုပ် ဖတ်ကြသလဲ။ ရည်ရွယ်ချက်က ရှင်းပါတယ်၊ ကျွန်တော်တို့ တစ်ကိုယ်ရည် အာသာဖြေလိုတာကြောင့်၊ ကိုယ့်ရဲ့မပြည့်ဝတဲ့ လိင်စိတ်ဆန္ဒတွေကို ဖြေဖျောက်ဖို့အတွက် ဖြစ်တယ်။

ဒါပေမဲ့ Midnight blue ထဲက အရေးအသားတွေထဲ တွေ့ရှိရမယ့် လိင်ပိုင်းဆိုင်ရာ အရေးအသားတွေဟာ ခင်ဗျားကို သွေးသားဆန္ဒတွေ ဖြစ်ပေါ်လာစေမှာ မဟုတ်ဘူး။ ပြောရရင် ခင်ဗျားဟာ လိင်စိတ်ထကြွနေတဲ့အချိန် ဖတ်မိရင်တောင် ဘာတင်းမာမှုမှ မရှိတော့ဘဲ လိင်စိတ်တွေ လုံးဝပျောက်ဆုံး သွားနိုင်တယ်။ အဲဒီအစား အသူရာချောက်တစ်ခုတွင်း ပြုတ်ကျပြီး အဲဒီချောက်အမှောင်ထုထဲ အချိန်အတော်ကြာ လွင့်မျောနေသလို ခံစားရမှာ ဖြစ်တယ်။

ကျွန်တော်တို့ စာအုပ် ဘာကြောင့် ဖတ်ကြသလဲ။ ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်ပါ။ ဘဝကို တိုးတက်ချင်လို့၊ သင်ခန်းစာတွေ လိုချင်လို့၊ ဆုံးမတာ ခံချင်လို့ စသည်ဖြင့် ဆိုရင်တော့ ဒီစာအုပ်ဟာ


mgyoe.com

mgyoe.com
SAMPLE BOOK


ခင်ဗျားနဲ့ ကိုက်ညီမှုရှိမှာ မဟုတ်ဘူး။ Midnight Blue ဟာ ခင်ဗျားကို ဘ၀သင်ခန်းစာတွေ၊ ဆုံးမစာတွေ၊ တိုးတက်အောင် ပြုပြင်မှုတွေ ပေးမှာ မဟုတ်ဘူး။ အဲဒီအစား ဘ၀မှာ ဘာကြောင့် အသက်ရှင် နေထိုင်နေရသေးတာလဲအတွက် မေးခွန်းထုတ်မှုတွေ၊ လူတစ်ယောက်ရဲ့ အတွင်းထဲက မကွယ်မဝှက်တမ်း ခံစားချက်တွေ၊ လူတစ်ယောက် (ဝါ) အမျိုးသမီးတစ်ယောက်ရဲ့ ချစ်ခြင်းအပေါ် ထားတဲ့ အမြင်တွေကို ခံစားရမှာ ဖြစ်တယ်။

ဒါက ကျွန်တော့်အမြင် သက်သက်ပါပဲ။ ခင်ဗျားတို့ အနေနဲ့ ဖတ်ပြီးတဲ့အခါ ခင်ဗျားတို့ မြင်ချင်သလို မြင်ကြမှာပဲ။ အဲဒါကို ကျွန်တော့် အနေနဲ့ ဘာမှ ပြောပိုင်ခွင့်မရှိ။ လူဆိုတာ ကိုယ့်အတွေးနဲ့ ကိုယ်၊ ကိုယ့် ဆုံးဖြတ်ချက်နဲ့ ကိုယ်၊ ကိုယ့်လမ်း ကိုယ်လျှောက် နေထိုင်သွားကြ ရတာပဲ မလား။ ကိုယ့်လမ်းကိုယ်လျှောက်ရင်း၊ လမ်းမှာ အမှတ်တမဲ့ ဆုံမိကြတဲ့အခါ အမုန်းတရားတွေ မရှိဘဲ ချစ်ခြင်းမေတ္တာတွေနဲ့ တစ်ယောက်ကို တစ်ယောက် ပြုံးပြဖို့ ဆန္ဒပြုလျက်။ ။

မြတ်သန်း

၁၉၊ ၀၄၊ ၂၀၂၀


mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## ချောက်ကမ်းပါးစွန်းမှာ

လူတွေဟာ ရေထဲတို့၊ ချောက်ကမ်းပါးထဲတို့ကို ခုန်ချ သတ်သေသွားရင် ဖိနပ်တို့ ဘာတို့လို သူတို့ပိုင် ပစ္စည်း တစ်ခုခုကို ချန်ထားရစ်တတ်ကြတာ ဘာလို့လဲ။ ကမ္ဘာပေါ်မှာ ငါတို့ ရှင်သန်ခဲ့ဖူးတယ်ဆိုတဲ့ သင်္ကေတမျိုးလား။

❑

ဇေလပ်နီစာပေ

mgyoe.com

mgyoe.com
SAMPLE BOOK


အန်နာက အိမ်ထဲကအထွက်မှာ သူ့ခြေထောက် တစ်ဖက်ကို ကြမ်းပြင်နဲ့ဆောင့်ရင်း ကျနော့်ကို ပြောဖူးတယ်။ လှသန်းရဲ့ ကဗျာထဲ က စာကြောင်းတစ်ခုကို ဖိနပ်စီးတိုင်း သိပ်သတိရတယ်။ ငါ့ဖိနပ်က ငါ့ခံတပ်ပဲ…တဲ့။

May be … ကျနော်က ကဗျာတွေ ဘာတွေ မဖတ်လို့ မသိဘူး။ စိတ်ကူးယဉ်ဆန်တယ်လို့ ထင်ရတာတွေကို ကျနော် မလုပ်ဘူး။ အန်နာကတော့ ကဗျာဖတ်တယ်၊ ပန်းချီဆွဲတယ်။ ဘာမှမလုပ်နေလည်းပဲ တိမ်တွေကို ကြည့်ပြီး စိတ်ကူးနဲ့ အရုပ်ဆွဲပစ်တယ်။ ကျနော့်အတွက်တော့ တိမ်တွေဆိုတာ တိမ်တွေပဲ။ ရေခိုးရေငွေ့ အစုအဝေးပဲ၊ ဒီလောက်ပဲ။

အန်နာက ငရုတ်သီး မစား၊ ကျနော်က ရခိုင်သား။ အန်နာ့ မှာ ရေမွှေး မရှိ၊ ကျနော့်မှာ branded ရေမွှေးချည်း ရှစ်ပုလင်း တိတိရှိ။ အန်နာက ဆံပင်တိုတိုညှပ်ထား၊ ကျနော်က ဆံပင်ရှည်ကို စည်းမိထား။ အန်နာက စီးကရက်သမား၊ ကျနော်က ပီကေဝါး။ အန်နာ က ကဗျာတွေဖတ်၊ ကျနော်က စာရင်းတွေတွက်။

အန်နာ့မှာ ဖိနပ်တွေက လွဲရင် ကျန်တာ သိပ်များများ မရှိလှဘူး။ ဖိနပ်တွေကတော့ အသေစုတဲ့ ကလေးမ။ အထူးသဖြင့် Sneaker


mgyoe.com

mgyoe.com SAMPLE BOOK


တွေ။ သူ့ဖိနပ်တွေကို ဖိနပ်ထည့်တဲ့ ကော်ပုံးအကြည်လေးတွေနဲ့ သေသေသပ်သပ်ထည့်ပြီး ထပ်စီထားတတ်တယ်။ ကျနော်က သူ့ဖိနပ်တွေမှာ တချို့ဟာတွေဆို ဆင်တူလိုမျိုးကို ဖြစ်နေတတ်လို့ နင့်ဖိနပ်တွေက ဘာမှလည်း သိပ်မကွာပါလားလို့ ပြောတော့ ငါ့အကြိုက်က မပြောင်းလဲလှလို့ပေါ့လို့ သူ ပြန်ပြောဖူးတယ်။

ဒီလောက် မတူကြပေမဲ့ ကျနော်တို့က အေးဆေးပဲ။ ရန်ဖြစ် ပြီးလုယက်နေစရာ ဘာညာလည်း ဘာမှမရှိဘူးလေ။ ဘယ်လောက် အထိကျနော်တို့က အေးဆေးကြသလဲ ဆိုရင် တခြားတစ်ယောက်နဲ့ အတူနေရလို့ စိတ်အနှောင့်အယှက် ဖြစ်လေမလား ဘာညာအထိ မတွေးမိလောက်အောင်ကို ကျနော်နဲ့ အန်နာဟာ တသားတည်း။ ဆောရီး အန်နာဟာ ကျနော့်အတွက် တစ်သားတည်း ဖြစ်နေတာမျိုးပေါ့။ သူ့ခံစားချက်တော့ ကျနော် မမေးဖူးခဲ့ဘူးကိုး။

အန်နာဟာ ကျနော့်ဆံပင်တွေကို လျှော်ပေး၊ ပြီးကျရင် စိတ်ရှည်လက်ရှည် ဖြီးပေးတတ်တယ်။ ပခုံးကျော်ကျော်လောက်မှာ အမြဲပုံကျကျ ရှိနေဖို့ကိုလည်း ဂရုတစိုက် ညှပ်ပေးတတ်တယ်။ အန်နာဟာ ရေတ်သီး မစားပေမယ့် ကျနော့်အတွက် ငါးရေတ်သီးချက်ကို သူ ကောင်းကောင်းကြီး ချက်ပေးတတ်တယ်။

အလုပ်ထဲ စိတ်ဖိစီးလာရင် အန်နာက ကျနော့်ပုခုံးတွေ ကို


mgyoe.com

mgyoe.com
SAMPLE BOOK


ညှစ်ဆုပ်ပြီး နှိပ်နယ်ပေးတတ်တယ်။ သူ့အသံ ရှရှကလေးနဲ့ မျက်စိမှိတ်ထားနော်... Relax ဆိုပြီး ကျနော့်ဆံပင်တွေ ကြားထဲကို လက်ချောင်းလေးတွေနဲ့ ဖွဖွ နှိပ်နယ်တဲ့အခါ တင်းကျပ်နေသမျှ စိတ်အစဥ်ကို ပြေလျှော့သွားစေတယ်။ အန်နာ့ရင်ခွင်ထဲမှာ မျက်လုံးတွေကို မှိတ်ပြီး အန်နာ့ရင်သားတွေကို ဖိညှစ်လိုက်တိုင်း၊ နမ်းရှုံ့လိုက်တိုင်း ကျွန်တော့်ကို ပြုံးပြီး ငါက နင့်အတွက် stress ball တဲ့။ ပြီးရင် ကျနော့်ခေါင်းတွေကို သူ့ရင်ထဲ ပွေ့ဖက်ပြီး ခပ်ဖွဖွလေး ရယ်နေတတ်ပြန်တယ်။

ကျနော် မမေ့မလျော့ လုပ်ရတာဆိုလို့ ကျနော် အန်နာ့အတွက် စီးကရက်ဘူးတွေကို သူ့ဆီသွားတိုင်း ဝယ်သွားပေးရတာပဲ ရှိတယ်။ အန်နာဟာ သူ ဘာလိုအပ်တယ်၊ ဘာလိုချင်တယ်၊ ဘာဖြစ်နေတယ် ဘာဆိုဘာမှ ကျနော့်ကို ပူဆာလေ့မရှိဘူး။ ကြိုတင်ချိန်းဆိုပြီး ကျနော် လာလာ၊ သူ မရှိတုန်းပဲ ကျနော် ရောက်နေနေ အန်နာ ဟာ ကျနော့်ကိုတွေ့တိုင်း နွေးနွေးထွေးထွေး ပြုံးပြခဲ့တာချည်းပဲ။

ကျနော် လက်ထပ်တော့မယ့် အကြောင်းကို ပြောပြတော့လည်း အန်နာက ပြုံးပြုံးလေးပဲ။ သူ့ထုံးစံအတိုင်း စီးကရက်တွေဖွာရင်း ငြိမ်ငြိမ်ကလေး နားထောင်တယ်။ ကျနော် လက်ထပ်မယ့် အမျိုးသမီးက ကျနော်တို့ အလုပ်နယ်ပယ်ဘက်ကပဲ။ ကျနော့်မိဘတွေ က


mgyoe.com

mgyoe.com
SAMPLE BOOK


အရွယ်ရလာတော့ လက်ထပ်ရမယ်၊ မျိုးဆက်ရှိရမယ် ဘာညာနဲ့ ပြောပြီး အမျိုးကောင်းသမီး သုံးလေးယောက်နဲ့ ဆုံလာပေးတဲ့ အထဲက သူ့ကို ရွေးဖြစ်ခဲ့တာ။

ကျနော်က ကိုယ် ဘာကြိုက်တတ်လဲ ဆိုတာကို သေသေချာချာ သိတယ်။ ကျနော့်အမျိုးသမီး ဖြစ်လာမယ့် ကောင်မလေးက သာမန်ပဲ။ ကျနော် စဉ်းစားသေးတယ်၊ အန်နာ့ကို ကျနော်နဲ့ လက်ထပ်မလားလို့ မေးဖို့။ ဒါပေမဲ့ ကျနော့်ကိုယ်ကျနော် အရင် မေးကြည့်တော့ ကျနော်ဟာ အန်နာ့ကို လက်မထပ်ချင်ဘူး။ ကျနော် လိုချင်တာဟာ အန်နာ့ဆီက စိတ်လက်ငြိမ်းချမ်းမှုတွေပဲ၊ မိသားစု မဟုတ်ဘူး။

အန်နာဟာ သူ ဆွဲထားတဲ့ ပန်းချီကားတစ်ချပ်ကို ကျနော့် အတွက် လက်ဆောင်ရယ်လို့ ပေးလာတယ်။ ဒါဟာ သူနဲ့ အတူရှိဖူးတဲ့ နှစ်ကာလတွေအတွင်း ပထမဆုံးပေးဖူးတဲ့ ရုပ်ဝတ္ထုလက်ဆောင်ပဲ။

ပန်းချီကားတွေ အကြောင်းကို ကျနော် နားမလည်ပါဘူး။ နက်ပြာရောင်နဲ့ ခရမ်းပြာရောင်တွေ များများပါတဲ့ ရေဆေး ပန်းချီကား တစ်ချပ်ပါပဲ။ ပန်းချီကားထဲမှာ နောက်ကျောခိုင်းထားပြီး မျက်နှာ တစ်ခြမ်းစောင်းနဲ့ ဆံပင်ရှည်ရှည်နဲ့ အမျိုးသားလို့ ထင်ရတဲ့ မျက်နှာ တစ်ခု ပါတယ်။ ငါ့ပုံဆိုလည်း ငါ့ခါတ်ပုံဖြစ်ဖြစ်၊ ငါ့ကိုဖြစ်ဖြစ် ကြည့်ဆွဲ


mgyoe.com

mgyoe.com
SAMPLE BOOK


မှပေါ့လို့ ပြောတော့ အန်နာ ပြုံးပြီး ခေါင်းခါတယ်။ သူ့မူပိုင် နွေးထွေးလင်းမြနေတဲ့ အပြုံးပါပဲ။

❑

အန်နာက ကျနော့်ကို သူ အသစ်ဝယ်လာတဲ့ sneaker ဖိနပ်ကလေး တရန်ပြတယ်။ လှတယ်...၊ ချစ်စရာလေးပါပဲ။ သူ့အကြိုက်အတိုင်း အဖြူရောင်ကို အခြေခံထားတဲ့ ဒီဇိုင်းနဲ့ပဲပေါ့။

❑

'နင် မင်္ဂလာမဆောင်ခင် ငါတို့ ခရီးတစ်ခုလောက် အတူသွားရအောင်' ဆိုတာနဲ့ပဲ ကျနော်တို့ ဒီတောင်စခန်း မြို့ကလေးကို ရောက်လာခဲ့တာ။ ဒီနေရာကို အန်နာက သူ့ဟာသူ ရှာဖွေပြီး သူ့ဟာသူ ကားလက်မှတ်ဝယ်၊ ဘာညာ အရာရာကို သူ့ဟာသူ စီစဉ်လာခဲ့တာ။ ကျနော်တို့ တည်းရတဲ့ သစ်လုံးဘန်ဂလိုလေးကနေ သိပ်မဝေးတဲ့ နေရာမှာ ချောက်ကမ်းပါးစွန်း တစ်ခုရှိပြီး အဲဒီကနေ မနက်ခင်း တိမ်ပင်လယ်တစ်ခုကို View point လို မြင်ရတယ်။

သူ အသစ်ဝယ်ထားတဲ့ ဖိနပ်ကလေးကို စီးလို့ ကျနော်တို့


mgyoe.com

mgyoe.com
SAMPLE BOOK


ထရက်ကင်တွေ လျှောက်တယ်၊ တောင်ပေါ်တွေ တက်တယ်၊ နေကြာရိုင်းတွေ ကြားထဲ သူက ပန်းချီဆွဲတယ်။ အရက်အတူ သောက်တယ်၊ အရှုံးအမူး လိင်ဆက်ဆံတယ်။ ငါ နင့်ဆီကို နောက်ဆို မရောက်ဖြစ်တော့ရင် နင့်ကိုယ်နင် ဂရုစိုက်နော်လို့ ကျနော်က မှာတော့ အန်နာဟာ စောက်ဂရုမစိုက်ဘူး။ အဲဒီအချိန်မှာ ကျနော့်လည်ပင်းကို မာကင်ရာတွေ ပေးဖို့ပဲ သူ အလုပ်ရှုပ်နေခဲ့တယ်။

အန်နာဟာ အိပ်ရာခင်း ဖြူဖြူပေါ်မှာ သူ့ခြေထောက် နှစ်ချောင်းကို ထောင်လျက်သား ချိတ်ထားပြီး ဝတ်လစ်စားလစ်နဲ့ စီးကရက်သောက်နေခဲ့တယ်။ လိင်ဆက်ဆံပြီးတိုင်း သူ့မှာ အသက်ရှုဖို့ အောက်ဆီဂျင်ကို လိုအပ်နေသူလိုမျိုး Cigarette after sex ဆိုပြီး စီးကရက်ကို ချက်ခြင်း ထဖွာတတ်တယ်။

စစ်သူကြီးတွေဟာ သူ့ခံတပ်ကို သူစစ်ရှုံးမှ၊ ဒါမှမဟုတ် သူသေသွားမှ စွန့်ခွာတတ်ကြတာလို့ ကျနော့်ကို စီးကရက်တွေ ဖွာနေရင်းက လှမ်းပြောတယ်။

အန်နာဟာ ခပ်ကြောင်ကြောင်ပဲ ...။

❑


mgyoe.com

mgyoe.com
SAMPLE BOOK


ချောက်ကမ်းပါးစွန်းမှာ စီစီရီရီကလေး ချွတ်ပြီး ချန်ထားခဲ့တဲ့ ဖိနပ်နှစ်ဖက်ဟာ သူ့ခံတပ်ကို အန်နာက စွန့်ခွာခဲ့ပြီ ဖြစ်ကြောင်းကို ပြောပြနေခဲ့ပါတယ်။

□□□


mgyoe.com

mgyoe.com SAMPLE BOOK

# The Steak

အခုလေးတင်ပဲ ကျမယောက်ျားကို ကျမ သတ်ပစ်လိုက်တယ်။ သူဟာ ဟင်းရည်ခွက်ထဲကို မျက်နှာကြီးစိုက်လို့၊ ပြန်ထမလာတော့ဘူး။

ဘာကြောင့်မှတော့ ထွေထွေထူးထူး မဟုတ်ဘူး။ သူ့စက်ရုံက ဖိုမင် မယားငယ် ယူထားတာကို ဟာသလုပ်နေတဲ့ အကြောင်းရယ်၊ ကျမ ချက်တဲ့ ဟင်းက ငန်နေတဲ့ အကြောင်းရယ်၊ သူ့မှာ ခြေအိတ်တွေ ကုန်ခါနီးနေလို့ ထပ်ဝယ်ဖို့ရယ်၊ ကျမကို ဆားဆိုတာ ဒီလောက်အထိ



mgyoe.com

mgyoe.com SAMPLE BOOK


သုံးဖို့ မလိုတဲ့ အကြောင်းရယ်၊ မိလာတွင်းကို ဆေးပြားထည့်ဖို့ ကိစ္စရယ်၊ အငန်စားတာဟာ သွေးတိုးတတ်လို့ ဟင်းကို ပေါ့ပေါ့ချက်သင့်တယ် ဆိုတဲ့ အကြောင်းတွေကို တရစပ် ပြောနေခဲ့လို့ပဲ။

ကျမ ချက်တဲ့ဟင်းကို သိပ်ငန်တယ် ဆားများတယ် ပြောပြောပြီး ဟင်းထဲက အသားတွေ အနှစ်တွေကို သူ့ပန်းကန်ထဲ ဆယ်ယူပြီး အဆက်မပြတ် ပါးစပ်ထဲကို ထိုးသွင်း စားသောက်နေခဲ့တာ။ ဟင်းအဆီတွေဟာ သူ့နှုတ်ခမ်းမှာ ပေကျံလို့။ အသားကို ဖဲ့ကိုက်လိုက်လို့ ကျလာတဲ့ ဟင်းအနှစ်ရည်တွေဟာ သူ့မေးစေ့မှာ အကြောင်းလိုက်။

အပြင်မှာ ရာသီဥတုက သိပ်ပူတာပဲ။ ည ခုနှစ်နာရီ ဆိုပေမယ့် တစ်နေကုန် ပူခဲ့တဲ့ အပူရှိန်ကြီးက တရှိန်ရှိန် ကျန်နေတုန်းပဲ။ သူလည်း စိတ်ဝင်စားတာ မဟုတ်ဘဲ ဖွင့်ထားခဲ့တဲ့ တီဗွီသံက တော်တော့်ကို ဆူတယ်။ ကျမတို့ တိုက်ခန်းရဲ့ ထမင်းစားခန်း ကျဉ်းကျဉ်းလုံလုံထဲမှာ တီဗွီက အသံတွေက တဝူးဝူးနဲ့ ပဲ့တင်ထပ်ပြီး မြည်နေခဲ့တာ။

သူ သိပ်ကြိုက်လို့ ဈေးကြီးပေးဝယ်ပြီး တပ်ထားခဲ့တဲ့ မျက်နှာကျက်က ရှေးဟောင်း မီးဆိုင်းပန်ကာက တဒီဒီ လည်နေပေမယ့် လေမလာဘူး။ ဒါမှမဟုတ်လည်း ပူနွေးလေးလံနေတဲ့ လေထုကို သူ့အင်အားနဲ့ မဖယ်ထုတ်နိုင်ဘူးပဲ ဖြစ်ရမယ်။ ဒလက်တွေ လည်နေပုံက ငြီးငွေ့စိတ်ပျက်ပြီး သနားစရာ ကောင်းလွန်းနေတယ်။


mgyoe.com

mgyoe.com
SAMPLE BOOK


သူ မရှိတော့ပေမယ့် ဆူနေတဲ့ တီဗွီကို ကျမ မပိတ်ထားမိသေးဘူး။ စားပွဲအံ့ဆွဲထဲမှာ ဖွက်ထားတဲ့ စီးကရက်ဘူးကို ယူထုတ်လိုက်တယ်။ သူ မရှိတော့လို့ ကျမ သောက်ရဲတာ၊ မဟုတ်ရင် ကျမဆီက သူ ယူသောက်လိမ့်မယ်။ သူ့ဟာသူဆို အပေါ်စား စီးကရက်ပဲ သောက်တတ်သလောက် ကျမ ဆေးလိပ်တွေ ဆိုရင် မညှာမတာ ယူယူသောက်လွန်းတယ်။

စီးကရက်တွေ တစ်လိပ်ပြီးတစ်လိပ် ကုန်လို့ အခန်းထဲမှာ မီးခိုးတွေ လိုက်လှောင်ပိန်းပိတ်လာတယ်။

ခုနတုန်းက ကျမ သူ့ခေါင်းကို ရေခဲထားတဲ့ ရေသန့်ဘူးနဲ့ ရိုက်ပစ်လိုက်တာ။ သူက ရေခဲရေကိုမှ သောက်မယ်ဆိုလို့ နေ့တိုင်း မပျက်မကွက် ရေသန့်တွေ ပြန်ပြန်ထည့်ပြီး ခဲထားရတဲ့ ဘူးနဲ့ပေါ့။ ဘူးထဲမှာ ရေတွေဟာ ခဲကျစ်ပြီး မာကျောနေခဲ့တာ။

ကျမ အင်အားဘယ်လောက် သုံးလိုက်မိတယ် မသိဘူး။ တစ်ချက်တည်းနဲ့ နောက်ကနေ ရိုက်ပစ်လိုက်ပြီးကတည်းက သူဟာ ဟင်း ရည်ခွက်ထဲကို ခေါင်းစိုက်သွားခဲ့ပြီး လုံးဝကို ပြန်ထမလာ တော့တာပဲ။

ရေခဲရေဘူးခွံဟာ ကွဲထွက်သွားခဲ့တယ် ထင်တယ်။ ရေခဲတွေ အရည်ပျော်တော့ ကြမ်းပြင်တွေ စိုရွှဲပြီး ရေတွေ လျှောကျသွားတာကို


mgyoe.com

mgyoe.com SAMPLE BOOK


တွေ့ရတယ်။ ဘူးခွံမှာလည်း သူ့ခေါင်းခွံကလားတော့ မသိဘူး။ ဖြူနီနီ အစအနတွေ၊ အင်း... လူသတ်ရတယ် ဆိုတာ နည်းနည်းတော့ အော်ဂလီ ဆန်စရာ ကောင်းတာပဲ။ ထမင်းစား စားပွဲခင်းကတော့ သူ့သွေးတွေရယ်၊ ဟင်းပန်းကန်ထဲက အရည်အနှစ်တွေရယ်နဲ့ အဖတ်ဆယ် မရအောင် ပေကျံစွန်းထင်း ညစ်ပတ်သွားခဲ့ပြီ။

အခန်းကို ရှင်းရမယ်။ အရမ်းလင်းနေတာတွေကို သူ မကြိုက်လို့ ဆိုပြီး ကာထားတဲ့ ခန်းဆီးစ ထူထူတွေက အစ ဖယ်ရမယ်။ ကျမ သဘောကျတဲ့ ပစ္စည်းအသစ်အဆန်းလေးတွေနဲ့ အလှဆင်ရမယ်။ ဒီ စောက်သုံးမကျတဲ့ ရှေးဟောင်းပန်းကာ စောက်စုတ်အစားအဲကွန်းကောင်းကောင်း တစ်လုံး တပ်ပစ်မယ်။

အခုလောလောဆယ်တော့ ကျမ ဗိုက်ဆာတယ် ဆာတာမှ အရမ်းပဲ။ ချက်ထားတဲ့ ဟင်းတွေဟာ ဟိုလူ့အကြိုက်တွေ၊ ကျမ ကတော့ ဘာတစ်ခုမှကို မထိချင်ဘူး၊ အခု ကျမ စားချင်နေတာက Steak...

ဝက်လိုင်းသားတို့ အမဲလိုင်းသားတို့ဟာ နူးညံ့လွန်းလို့ Steak လုပ်စားရင် ပိုပြီး စားကောင်းသတဲ့။ ကျမကို ကျောပေးပြီး ဟင်းရည် ခွက်ထဲ ခေါင်းစိုက်နေခဲ့တဲ့သူ့ ဆိုရင်ရော စားလို့ ကောင်းပါ့မလား။

❑

ဇလပ်နီစာပေ

mgyoe.com

mgyoe.com
SAMPLE BOOK


ဟုတ်တယ်... ကျမ ဟင်းတွေချက်ရင် သိပ်ငန်တယ် ဆိုတာကို သေသွားတဲ့ ကျမယောက်ျား ပြောခဲ့တာ မှန်တယ်။ လိုင်းသားကင်ဟာ ကျမ ထင်ထားတာထက် ပိုပြီး ငန်ကျိနေခဲ့တယ်။

❑❑❑


mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# အခန်းနံပါတ် ၆၀၆

ကျနော် ဒီမိန်းမကို စောင့်ကြည့်နေခဲ့တာ ကြာပြီ။ ကြာဆို ဒီနေရာကို သူ ပြောင်းလာပြီးကတည်းကပဲ။ ဒီနေရာက ပုံမှန်အားဖြင့်ဆိုရင် ကျနော်နဲ့ တစ်ခါတလေ ရောက်လာလေ့ရှိတဲ့ ဧည့်သည်အနည်းငယ်ပဲ။ သူတို့လည်း သူတို့ဘာသာနေ၊ ကျနော်လည်း ကျနော့်ဘာသာနေ။ တစ်ခါတလေတော့လည်း ကျနော့်နေထိုင်မှုကို သူတို့သိရှိသွားပြီးရင် သူတို့ဘာသာ ကြောက်လန့်ထွက်ပြေး...။ ပြီးရင် ဒီနေ



mgyoe.com

mgyoe.com
SAMPLE BOOK


ရာက သရဲခြောက်တယ်ဆိုပြီး အသံတွေ ထွက်လာခဲ့တော့တာပေါ့။

ဒီဟိုတယ်ကို ကျနော့် အဖေ ပိုင်ခဲ့တာ။ အဲ...အခုတော့ မိုတယ်ကလေး ဖြစ်သွားပြီ။ ကျနော် မရှိတော့လို့ အနီးစပ်ဆုံး ဆွေမျိုးအဖြစ်နဲ့ ရလိုက်တဲ့ ကျနော့်ညီမနှစ်ဝမ်းကွဲက အဖေဆုံးတော့ ဒီနေရာရဲ့ ပိုင်ရှင်ဖြစ်လာတာ။ ကျနော် အဖေ့ကို မျှော်ခဲ့သေးတယ်။ ကျနော်နဲ့များ လာဆုံလိမ့်မလား ဆိုပြီးတော့ပေါ့။ ဒါပေမယ့် အဖေ ရောက်မလာခဲ့ဘူး။ သူ့လမ်းသူ ဆက်ပြီး လျှောက်သွားခဲ့တဲ့ပုံပဲ။

ကျနော်က အဖေမဆုံးခင် နှစ်ပေါင်းနှစ်ဆယ်လောက်ကတည်းက ဒီနေရာ ဒီအခန်းမှာ ရှိနေခဲ့တာ။ အဖေက ကျနော် ရှိနေခဲ့တာကို ခံစားမိပုံတော့ မရပါဘူး။ ကျနော်ကလည်း အဖေသိအောင် တကူးတက မဖော်ပြဖြစ်ဘူး။ ဒါပေမယ့် ကျနော် ရှိနေကြောင်း သိသွားတဲ့ တချို့လူတွေကြောင့် အဖေလည်း သိသွားတယ်။ လူတွေ သိသွားတော့ အဖေ့စီးပွားရေး ထိခိုက်တာပေါ့။ ဒီအတွက်တော့ ကျနော် စိတ်မကောင်းဘူး။ အဲဒီနောက် အဖေက ကျနော် ရှိနေတယ်ဆိုတဲ့ ဒီအခန်းကို အသေပိတ်ထားခဲ့တယ်။

ကျနော့်ညီမဝမ်းကွဲက ဒီနေရာကို မိုတယ်အဖြစ် ပြောင်းလဲပစ်လိုက်တယ်။ ကျနော် ရှိနေတဲ့ အခန်းကိုလည်း ပြန်ဖွင့်ပြီး ပြင်ဆင်ပစ်လိုက်တယ်။ ဘာဖြစ်လို့လဲတော့ မသိဘူးပေါ့လေ။ အများအားဖြင့်


mgyoe.com

mgyoe.com
SAMPLE BOOK


ဒီကို လာနေတဲ့သူတွေက ခဏတဖြုတ်ပါပဲ။ ကျနော်လည်း အရင်ထက်တောင် ပိုပြီး တိတ်တိတ်ဆိတ်ဆိတ် နေထိုင်ဖြစ်ပါသေးတယ်။

ဒီမိန်းမ ဒီအခန်းကို ရောက်လာတော့ သူများတွေလို ခဏတဖြုတ် မဟုတ်ဘူး။ ကာလရှည် တည်းခိုနေထိုင်မယ့်ပုံမျိုး။ ရောက်လာကတည်းက အခန်းကို သူ့အိမ်က အိပ်ခန်းတစ်ခုလို သူ့စိတ်သဘောကျ ပစ္စည်းတွေနဲ့ အစားထိုး ပြင်ဆင်ခဲ့တယ်။ အခန်းထဲမှာ ဖိနပ်စင်တွေ၊ ဖြုတ်ပြီးရွှေ့ပြောင်းလို့ရတဲ့ အဝတ်ဗီရိုတွေ၊ မှန်တင်ခုံတွေ စသဖြင့် ရောက်လာခဲ့တယ်။ ပြီးတော့ အမျိုးသားတွေ။

မဟုတ်ဘူး။ သူက ပြည့်တန်ဆာ မဟုတ်ဘူး။ ကျနော် သူ့ကို ဘာလို့ နာမည်တပ်ရမယ် မသိဘူး။ သူက အလုပ်လုပ်တယ်၊ သွားစရာရှိတာ သွား။ ကျန်တာ ဘာညာဟာ သာမန်လိုပါပဲ။ သူ့ရဲ့ ကိုယ်ပိုင်အချိန်တွေကို အများအားဖြင့် စီးကရက်ဖွာလိုက်၊ အရက်သောက်လိုက်၊ အမျိုးသားတစ်ယောက်ယောက်နဲ့ အိပ်လိုက်နဲ့ပဲ ကုန်ဆုံးခဲ့တာ။ စီးကရက်ကို တစ်လိပ်ပြီး တစ်လိပ် ရှိုက်ဖွာပစ်လိုက်သလို သူ့နံဘေးမှာလည်း အမျိုးသားတွေဟာ တစ်ယောက်ပြီး တစ်ယောက်။

ကျနော် သိတာ တစ်ခုပဲ ...၊ အဲဒီထဲက ဘယ်အမျိုးသားကိုမှ သူ မချစ်ဘူး၊ မချစ်နေခဲ့ဘူး။

အဲဒီမိန်းမဟာ တစ်ရက်မှာ အမျိုးသားတစ်ယောက်ရဲ့


mgyoe.com

mgyoe.com
SAMPLE BOOK


လက်မောင်းတွေ ကြားထဲကနေ ကျနော့်ကို ပထမဆုံး မြင်သွားခဲ့တယ်။

သူနဲ့အတူ အိပ်နေတဲ့၊ သူက ကိုကိုလို့ ခေါ်တဲ့ အမျိုးသားက သူ့ကို ပွေ့ဖက်ထားတဲ့လက်မောင်းတွေ ကြားကပေါ့။ အမျိုးသားက သူ့ကို စကားတွေ နူးနူးညံ့ညံ့ ပြောပြရင်း သူ့နားရွက်ဖျားလေးတွေကို ဖွဖွကလေး နမ်းရှုံ့နေခဲ့တယ်။

သူက အမျိုးသားရဲ့ ရင်ခွင်ထဲမှာ ဝတ်လစ်စားလစ်နဲ့ လဲလျောင်းနေရင်း မှုန်ပြီတဲ့ ဟန်ပန်နဲ့ ပွတ်သီးပွတ်သပ် ချွဲနွဲ့နေခဲ့ပေမယ့် သူ့မျက်လုံးတွေကတော့ ထူးထူးခြားခြားကို စိမ်းလဲ့အေးစက်နေခဲ့တယ်။ ဘယ်လို ချစ်ခြင်းမေတ္တာကိုမှ မခံစားနေမိပုံမျိုး။ အဲဒီနောက် ကျနော် ရှိနေခဲ့တာကို အဲဒီမိန်းမ ရုတ်တရက် သတိထားမိသွားတယ်။

သူဟာ လန့်မသွားခဲ့ဘူး။ ကျနော့်ဆီကို စူးစမ်းတဲ့ အကြည့်တွေနဲ့ပဲ လှမ်းကြည့်နေခဲ့တယ်။ ကိုကိုလို့ ခေါ်တဲ့ အမျိုးသားဟာ သူ့ခန္ဓာကိုယ်ကို ပွတ်သပ်၊ သူနဲ့အတူ လိင်မှုကိစ္စတွေ စပ်ယှက်...။ သူကတော့ သူလုပ်စရာရှိတာတွေ လုပ်ရင်း ကျနော့်ဆီကို အကြည့်တချို့ ရောက်ရောက်လာခဲ့တာပဲ ရှိတယ်။

သူ့ကို ဖက်ပြီး ဟိုအမျိုးသား အိပ်ပျော်သွားတော့ သူက ထလာပြီး ထိုင်ခုံမှာ ထိုင်တယ်။ စီးကရက်ကို မီးညှိပြီး ဖွာရှိုက်တယ်။


mgyoe.com

mgyoe.com SAMPLE BOOK


ဝတ်လစ်စားလစ် သူ့ကိုယ်ပေါ်ကို ပိုးသားကိုယ်ရုံတစ်ထည် ကောက်ဝတ်တယ်။ ကျနော့်ကို လာထိုင်လေဆိုတဲ့ ပုံစံမျိုးနဲ့ လွတ်နေတဲ့ တခြားခုံကို ပုတ်ပြတယ်။

ကျနော် ဝင်မထိုင် ဖြစ်ခဲ့ဘူး။

သူနဲ့ ကျနော် ဒီလိုပဲ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေပုံမျိုးနဲ့ နေကြတယ်။ ကျနော် ရှိနေတာကို သူသိ၊ သူ ရှိနေတာကို ကျနော်က အသိအမှတ်ပြုပေါ့၊ ဒီသဘောလောက်ပဲ။

တစ်ခါတစ်ခါကျ အဲဒီမိန်းမက ကျနော့်ကို စကားပြောတယ်။ သူ တစ်ယောက်တည်း ထိတ်လန့်ကြောက်ရွံ့နေတယ်လို့ သူ့ကိုယ်သူ ခံစားရတဲ့အခါမျိုးတွေပေါ့။ အဲဒီအခါ သူက အခန်းထဲက အကျဉ်းဆုံးထောင့်နေရာကလေးမှာ သူ့ဒူးနှစ်ဖက်ကို လက်နှစ်ဖက်နဲ့ ပြန်ပွေ့ပိုက်ပြီး မျက်ရည်မကျဘဲ ကျုံ့ကျုံ့ကလေးထိုင်လို့၊ စီးကရက်တွေ တစ်လိပ်ပြီး တစ်လိပ် ဖွာလို့ အချိန်တွေ အကြာကြီး ထိုင်နေခဲ့တတ်တယ်။

ခုတလော သူ ထိုင်နေကျ နေရာလေးမှာ မကြာခဏ သူ လာလာထိုင်တယ်။ လာနေကျ အမျိုးသားတွေကြားမှာ တစ်ယောက်ပြီး တစ်ယောက် အပြောင်းအလဲက ပိုပြီး မြန်လာတယ်။ ကိုကိုလို့ ခေါ်တဲ့ အမျိုးသားဆီက ဖုန်းတွေကို သူ လက်မခံတော့ဘူး။ အခန်းထဲက အပြင်ထွက်တဲ့အချိန်၊ စားတဲ့အချိန်တွေ သူ နည်းလာတယ်။ ပြီးတော့ ထူးထူး


mgyoe.com